# ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)

ဆေးသုတေသနဦးစီးဌာနကို ၁၉၆၃ ခုနှစ်တွင် ဖွဲ့စည်းထူထောင်ခဲ့ပါသည်။ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အဖြစ် ၁၉၉၀ ခုနှစ်တွင် ပြန်လည်တိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။ ဤဦးစီးဌာန၏ ရည်ရွယ်ချက်များမှာ ဇီဝဆေးပညာသုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်၊ နိုင်ငံအတွင်း ဆောင်ရွက်မည့် ဇီဝဆေးပညာသုတေသနလုပ်ငန်းများကို မြှင့်တင်ပေးရန်၊ ပံ့ပိုးရန်နှင့် စုစည်းဆောင်ရွက်ရန်၊ ဇီဝဆေးပညာသုတေသနဌာနအတွက် လိုအပ်သော အခြေခံအဆောက်အဦများ ပံ့ပိုးပေးရန်နှင့် ကျန်းမာရေးသုတေသန သင်တန်းများကို ဆောင်ရွက်ပေးရန်တို့ဖြစ်ပါသည်။ ဤဦးစီးဌာနတွင် သုတေသန ဌာနခွဲ (၆)ခုရှိပါသည်။ ၄င်းတို့မှာ လူမှုဆေးပညာသုတေသနဌာနခွဲ၊ ဇီဝဆေးပညာသုတေသနဌာနခွဲ၊ လက်တွေ့ဆေးပညာသုတေသနဌာနခွဲ၊ ရောဂါရှာဖွေရေးနှင့် ကာကွယ်ဆေးသုတေသနဌာနခွဲ၊ အမျိုးသားသွေးသုတေသနဌာနခွဲ၊ အမျိုးသားအဆိပ်ထိန်းချုပ်ရေးဌာနခွဲနှင့် အသည်းရောင်အသားဝါ ဘီကာကွယ်ဆေးစက်ရုံ တစ်ခုတို့ ပါဝင်ပါသည်။ ၂၀၀၅ခုနှစ်အတွင်း၌ ဤဌာနသည် သွေးအားနည်းရောဂါ၊ သန်ကောင်ရောဂါ၊ သွေးလွန်တုတ်ကွေးရောဂါ၊ ဆီးချိုရောဂါ၊ ဝမ်းလျှောဝမ်းပျက်ရောဂါ၊ ဝမ်းကိုက်ရောဂါများ၊ ကျန်းမာရေးစနစ်သုတေသန၊ အသည်းရောင်အသားဝါ၊ အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်၊ မျိုးဆက်ပွားကျန်းမာရေး၊ သွေးတိုးရောဂါ၊ အနာကြီး၊ ၄က်ဖျား၊ အာဟာရ၊ မြွေကိုက်၊ အားကစားဆေးပညာ၊ အဆိပ်အတောက်ဗေဒ၊ တိုင်းရင်းဆေးပညာနှင့် တီဘီရောဂါများနှင့်သက်ဆိုင်သည့် သုတေသနလုပ်ငန်းများကိုဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် အသည်းရောင်အသားဝါ "ဘီ" ကာကွယ်ဆေးထုတ်လုပ်မှုများကိုလည်း ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၃ခုနှစ် စက်တင်ဘာလ (၂၅)ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သည့် ၄က်ဖျားသုတေသနနှင့် သင်တန်း ဗဟိုဌာနအဖြစ်သတ်မှတ်ခဲ့ပါသည်။



*အဆိပ်သင့်မှုကိုဓာတ်ခွဲစမ်းသပ်သရုပ်ခွဲခြင်း*



*မြန်မာအားကစားသမားများ၏ ကြွက်သားများခိုင်မာမှု စွမ်းအား စစ်ဆေးခြင်း*



*ကျေးရွာရှိအမျိုးသမီးငယ်အုပ်စုအား စေတနာ့ဝန်ထမ်းလူငယ်များက သုတေသနလုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင် ဆောင်ရွက်နိုင်ရေးအတွက်လှုံ့ဆော် ဟောပြောပို့ချခြင်း*